
# ၂၀၂၃ ခုနှစ်အတွင်း စစ်အာဏာရှင်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

၂၀၂၃ ခုနှစ်တွင် မြန်မာ စစ်အာဏာရှင်တပ်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅)ခုတွင် အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၂၂၉၇)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ်မီဒီယာ များ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစားပေါင်း (၃၃)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။ (Map -1) (Table – 1)

## ၂၀၂၃ ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



(Map – 1)

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ဧရာဝတီ | ၄၆ | |
| ၂ | ပဲခူး | ၂၁၆ | |
| ၃ | ချင်း | ၆၄ | |
| ၄ | ကချင် | ၁၁၀ | |
| ၅ | ကယား | ၄၅ | |
| ၆ | ကရင် | ၉၇ | |
| ၇ | မကွေး | ၁၅၇ | |
| ၈ | မန္တလေး | ၁၆၄ | |
| ၉ | မွန် | ၁၀၈ | |
| ၁၀ | နေပြည်တော် | ၉ | |
| ၁၁ | ရခိုင် | ၁၀၇ | |
| ၁၂ | စစ်ကိုင်း | ၇၁၉ | |
| ၁၃ | ရှမ်း | ၁၆၄ | |
| ၁၄ | တနင်္သာရီ | ၁၈၈ | |
| ၁၅ | ရန်ကုန် | ၁၀၃ | |
| | **စုစုပေါင်း** | ၂၂၉၇ | |

## ၂၀၂၃ ခုနှစ်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံများ

(Table -1)

| စဉ် | လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့် နည်းလမ်း | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၄၂၂ | |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၃၆၆ | |
| ၃ | လေကြောင်းအသုံးပြုခြင်း | ၃၀၀ | |
| ၄ | ရေကြောင်းဖြင့် ပစ်ခတ်ခြင်း | ၈ | |
| ၅ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၆၆၂ | |

| စဉ် | လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့် နည်းလမ်း | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၆ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၁၈၉ | |
| ၇ | လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း | ၁၁၈ | |
| ၈ | ဖမ်းဆီးခံရခြင်း | ၄၁၁ | |
| ၉ | ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း | ၈၈ | |
| ၁၀ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၁၇၁ | |
| ၁၁ | ပြည်သူများကို မီးရှို့သတ်ခြင်း | ၅၇ | |
| ၁၂ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း | ၄၄၀ | |
| ၁၃ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း | ၂၅၃ | |
| ၁၄ | ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း | ၁၂၂ | |
| ၁၅ | အသက်မပြည့်သော ကလေးများဖမ်းဆီးခံရခြင်း | ၂၃ | |
| ၁၆ | အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း | ၈၅ | |
| ၁၇ | အသက်မပြည့်သော ကလေးများသေဆုံးခြင်း | ၈၇ | |
| ၁၈ | မြေမြှုပ်မိုင်း | ၅၆ | |
| ၁၉ | ဗုံးခွဲခြင်း | ၇ | |
| ၂၀ | အဓမ္မ ပြုကျင့်ခြင်း | ၁၀ | |
| ၂၁ | ငွေကြေးတောင်းခံခြင်း | ၅၆ | |
| ၂၂ | ပျူစောထီး/ ပြည်သူ့စစ် | ၂၃ | |
| ၂၃ | အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း | ၈၆ | |
| ၂၄ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၂၈၉ | |
| ၂၅ | ဖုန်းလိုင်း ဖြတ်တောက်ခြင်း | ၃ | |
| ၂၆ | အင်တာနက် ဖြတ်တောက်ခြင်း | ၃ | |
| ၂၇ | လျှပ်စစ်မီးဖြတ်တောက်ခြင်း | ၆ | |

| စဉ် | လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့် နည်းလမ်း | အကြိမ်ရေ | မှတ်ချက် |
| --- | --- | --- | --- |
| ၂၈ | အဝမ္မ ခိုင်းစေခြင်း | ၁၁ | |
| ၂၉ | စက်သေနတ်ဖြင့် ပစ်ခတ်ခြင်း | ၃ | |
| ၃၀ | ဆေးကုသခွင့်ရရန် လိုအပ်ခြင်း | ၅ | |
| ၃၁ | သေဒဏ်စီရင်ခြင်း | ၂ | |
| ၃၂ | ကားဖြင့် တိုက်ဖမ်းခြင်း | ၄ | |
| ၃၃ | သွေးသောက်အဖွဲ့/စွန်ရဲအဖွဲ့ ဖွဲ့၍ သတ်ဖြတ်ခြင်း | ၆ | |

၂၀၂၃ ခုနှစ်အတွင်း စစ်အာဏာရှင်တပ်က နည်းလမ်းအမျိုးမျိုး သုံး၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုကျူးလွန်ခဲ့သည်။ ကျူးလွန်ရာတွင် အများဆုံး အသုံးပြုခဲ့သည့် နည်းလမ်းများမှာ -

၁။ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း

၂။ ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း

၃။ လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း

၂၀၂၃ ခုနှစ် တနှစ်တာကာလအတွင်း စစ်အာဏာရှင်တပ်သားများက ဒေသနေပြည်သူများကို လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးရခြင်း၊မြေပြင်တွင် ဖမ်းဆီးပစ်ခတ် သတ်ဖြတ်ခြင်း၊ ပြည်သူများကို မီးရှို့သတ်ဖြတ်ခြင်း နှင့် လူသားဒိုင်းအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြရာတွင် ပြည်သူ (၅)ဦးနှင့်အထက် အစုလိုက်အပြုံလိုက်ကို ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၀) ခုတို့တွင် သတ်ဖြတ်မှုပေါင်း (၅၄)ကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် အသက်မပြည့်သေးသည့်သူများနှင့် ကလေးငယ်များ (၄၅)ဦး အပါအဝင် ပြည်သူ (၅၇၀)ကျော် သေဆုံးခဲ့ရသည်။ (Map -2) (Figure-1)

စစ်အာဏာရှင်တပ်သားများက ကျေးရွာများကို စစ်ကြောင်းထိုး တိုက်ခိုက်ရာတွင် ဒေသခံ ပြည်သူများပိုင်ဆိုင်သော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျှက်ရှိပြီး ၂၀၂၃ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ ဆုံကုန်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ရာ သက်ကြီးရွယ်အို (၇) ဦး သေဆုံးခဲ့သည်။စစ်အာဏာရှင်တပ်သားများက မေလ ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ညောင်ပင်သာ ကျေးရွာမှ ကလေးငယ် (၆)ဦးအပါအဝင် ကျေးရွာနေ ပြည်သူ(၁၈)ဦးကို မီးရှို့သတ်ဖြတ်ခဲ့သည်။ [၁] ယခုနှစ်အတွင်း

---

[၁] ဘုတလင်၊ ဆုံကုန်းကျေးရွာတွင် သက်ကြီး ရွယ်အို ၇ ဦးကို စစ်တပ်က မီးရှို့သတ်ဖြတ် https://www.facebook.com/khitthitnews/posts/pfbid0sWo1z1ceSua4AzVcx6DSEycXh79qu94KRNVLVkJwUZNRr9bgwsjb815zARCwg3g7l

ပဲခူးတိုင်း၊ ညောင်ပင်သာကျေးရွာမှ ပြည်သူ ၁၈ ဦးကို စစ်တပ် က အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်
https://www.facebook.com/khitthitnews/posts/pfbid0r1nBRq7QkQyTXGYc6fVo5bHTCmvxHbn1gHDpQpS1QXLrXtKRM7QtQNfw9T3NGDBrl

စစ်အာဏာရှင်တပ်၏ လေကြောင်းအသုံးပြုဗုံးကြဲတိုက်ခိုက်မှု (၃၀၀)ကျော် ထဲတွင် ဧပြီလ (၁၁) ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ပဇီကြီး ကျေးရွာ ဗုံးကြဲ တိုက်ခိုက် မှုနှင့် အောက်တိုဘာလ(၉) ရက်နေ့ ကချင်ပြည်နယ်၊ လိုင်ဇာမြို့ရှိ မုန်လိုင်ခက် စစ်ဘေးရှောင်စခန်း ဗုံးကြဲ တိုက်ခိုက်မှုသည် ကလေးငယ်များ သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့ပြီး စစ်အာဏာရှင်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်ကာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများထဲမှ တစ်ခုဖြစ်သည်။[၂] စစ်အာဏာရှင်တပ်သားများက ဒေသခံပြည်သူများ ိ ု ဖမ်းဆီးရိုက်နှက် သတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ် ခေါ်ဆောင်သွားခြင်း၊ အမျိုးသမီးများကို အဓမ္မပြုကျင့်ကာ အစုလိုက် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး တာတိုင်ကျေးရွာမှ အမျိုးသမီး (၃) ဦး အပါအဝင် ပြည်သူ(၁၇)ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် စစ်အာဏာရှင်တပ်သားများက အမျိုးသမီးများကို အဓမ္မပြုကျင့် သတ်ပစ်ခဲ့ပြီး ဖမ်းဆီးခံရသူ အားလုံး သေဆုံးလျှက် မတ်လ (၂)ရက်နေ့ တွင် တွေ့ခဲ့ရသည်။[၃] စစ်အာဏာရှင်တပ်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းလမ်းမျိုးစုံဖြင့် ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည်။ (Figure – 2)

## ၂၀၂၃ ခုနှစ်အတွင်း ပြည်သူ(၅)ဦးနှင့်အထက် အစုလိုက်သတ်ဖြတ်မှုများကို ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

**(Map -2)**

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၂ | |
| ၂ | ချင်း | ၃ | |
| ၃ | စစ်ကိုင်း | ၃၁ | |
| ၄ | တနင်္သာရီ | ၂ | |
| ၅ | ပဲခူး | ၂ | |
| ၆ | မကွေး | ၄ | |
| ၇ | မန္တလေး | ၄ | |
| ၈ | ရခိုင် | ၁ | |
| ၉ | ရန်ကုန် | ၂ | |
| ၁၀ | ရှမ်း | ၃ | |
| | **စုစုပေါင်း** | ၅၄ | |

---

[၂] ကန့်ဘလူ၊ ပဇီကြီးကျေးရွာ ရုံးဖွင့်ပွဲသို့ ကျောင်းသား ကျောင်း သူ များနှင့် ပြည်သူများ တက်ရောက်စဉ် စစ်တပ်က လေကြောင်း တိုက်ခိုက် မှုကြောင့် သေဆုံးသူ အရေအတွက် ၁၀၀ ကျော်ပြီ

https://www.facebook.com/khitthitnews/posts/pfbid02pt1yYRuzhKe1YJNdQ2zVJ2mek6p45cYEHKjfd62BAMFnxjJj8HTDxpDJMXxJ5KvQl

KIA/KIO ဌာနချုပ်ရှိရာ လိုင်ဇာသို့ စစ်ကောင်စီတပ်က လက်နက် ကြီး များဖြင့် ပစ်ခတ်မှု ကလေးငယ် ၁၃ ဦး အပါအဝင် ပြည်သူ ၃၂ ဦး သေဆုံး (ရုပ်/သံ) https://www.facebook.com/khitthitnews/posts/1392392484822552/

မတူပီမြို့နယ်၊ ဝေလူးကျေးရွာကို စစ်တပ်က တိုက် လေယာဉ် ၂ စီးဖြင့် ဗုံးကျဲမှုကြောင့် ကလေး ၈ ဦး အပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးမှု CDF မတူပီ ကန့်ကွက်ရှုတ်ချ

https://www.facebook.com/khitthitnews/posts/pfbid0MyK527nME9V18d1BunoVP4mHqTDypa7gCTVFa8apNKpbsPAySNYDNUkbduhTyaSql

[၃] စစ်ကိုင်း၊ တာတိုင်ကျေးရွာက အမျိုးသမီး ၃ ဦးကို စစ်တပ်က မုဒိမ်းကျင့်သတ်ဖြတ်ပြီး မိန်းမကိုယ် အင်္ဂါများမှာ ကြက်သွန်နီဥများ ထိုးထည့်ထားခဲ့၊ စစ်တပ်က သတ်ဖြတ်ခဲ့တဲ့ ပြည်သူ စုစုပေါင်း ၁၇ ဦးအထိရှိလာ

https://www.facebook.com/maunmyanmar/posts/pfbid0i8b2R4afCDuxx8E9zrTuBXc57eahuriZVydE42mLNo3MTJocz4BySVziU64iRgzql

ဝက်လက်တွင် စစ်တပ်က သမာရိုးရွာသို့ဝင်ရောက်ပြီး ဈေးရောင်းထွက်ကြသည့် ပြည်သူ ၇ ဦးကို အစုလိုက်အပြုံလိုက် ပစ်သတ်၊ ရွာသူရွာသား ၆ ဦးဒဏ်ရာရ

https://www.facebook.com/khitthitnews/posts/pfbid02w5oafbHzcqfmTw2abfhbQQ9sP5TP8ZH6m7SHqKCP5hb83H3nbmhv52t8TB3kWzjxl

ဒီပဲယင်းတွင် စစ်ကြောင်းထိုးနေသည့် စစ်တပ်က ပြည်သူ ၅ ဦးကို ခေါင်းဖြတ်၊ မီးရှို့သတ်ဖြတ်ပြီး ပြည်သူ ၉ ဦး လူသားဒိုင်းအဖြစ် ဖမ်းဆီးထား


https://www.facebook.com/khitthitnews/posts/pfbid0qPBQqW2MFCBzZsHW5duajJjmvyfwMa8C6W6N8sKz85JgYx1JbHuFiupbT16WoVgMl

စုန်းချောင်းရွာကို စစ်တပ် စီးနင်းတိုက်ခိုက်၊အရပ်သားများအပါအဝင် ၁၂ဦးထက်မနည်း သတ်ဖြတ်ခံရဟုဆို

https://www.mizzimaburmese.com/article/131105?fbclid=IwAR1OnBOmzVaowjgOGh7xAADtQ9J-lc3-QzLAQDZy6VAW6ivMTxkjoIn0wjU

## အစုလိုက် ဖမ်းဆီး သတ်ခံရသည့် ပြည်သူများ

Figure -1




| စဉ် | အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ကျား | ၁၀၉ | |
| ၂ | မ | ၄၂ | |
| ၃ | ကလေး | ၄၅ | |
| ၄ | Gender မသိ | ၃၇၄ | |
| | စုစုပေါင်း | ၅၇၀ | |

## ပြည်သူများကို အစုလိုက် သတ်ဖြတ်ရာတွင် အသုံးပြုသည့် နည်းလမ်းများ

Figure – 2




*Spring Archive မှ Social Media မှ သတင်းများကို အခြေခံ၍ ပြုစုထားသည့်*